# “နို့စစ်”

# “As Newborn Babes”

“နူတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည့်အကြောင်း ဖွားစသော သူငယ်ကဲ့သို့ ထိုတရားနို့ကို အလွန်လိုချင်သောစိတ်ရှိကြလော့” (ရှင်ပေတရုဩဝါဒစာ ပဌမစောင် ၂း၂)။ ယင်းကား ကျွန်ုပ်၏ မှတ်ဉာဏ်ထဲတွင် ပထမဦးစွာ သတိရသော သမ္မာကျမ်းစာပါ ဆုံးမစာဖြစ်သည်။ ကျွန်ုပ်က ၃နှစ်သားကျော်ကျော်ဖြစ်ပြီး မွေးကာစ ညီလေးတစ်ဦးရှိသည်။ ကျွန်ုပ်တို့၏ ညီလေးသည် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးကြီးထွားရန် မိခင်၏နို့ကို လိုအပ်သကဲ့သို့ ကျွန်ုပ်တို့သည်လည်း စိတ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးရန် ဘုရားသခင်၏ အဆုံးအမများ လိုအပ်သည်ဟူသော မူလအခြေခံသစ္စာတရားကို ကျွန်ုပ်တို့ကလေးကြီးများအား သင်ကြားပေးရန် အခွင့်ယူကာ ဤဆုံးမစာကို မေမေအသုံးပြုခဲ့သည်။ ထိုဆုံးမစာကို ကြိုက်နှစ်သက်သဖြင့် ကျွန်ုပ်ရှင်းလင်းတိကျစွာ မှတ်မိနေသော်လည်း ၃နှစ်အရွယ်သာရှိသေးသော ကျွန်ုပ်အဖို့ ယင်းသင်ခန်းစာ၏ နက်နဲမှုကို မမှတ်မိနိုင်ပါချေ။

ကျွန်ုပ်တို့ကြီးပြင်းလာသည်နှင့်အမျှ သမ္မာကျမ်းစာပါ ဘုရားသခင်၏ ဩဝါဒများကို မေမေကသင်ကြားပေးခြင်း မပြုရုံမျှမက နံနက်တိုင်း သင်ကြားလေ့ရှိသော သမ္မာကျမ်းစာသင်တန်းကိုလည်း သင်ကြားပေးခြင်းမပြုတော့ပေ။ သူမ၏ ယုံကြည်မှုပေါ်တွင်သာ ရှင်သန်ရပ်တည်ခဲ့ပြီး ကျွန်ုပ်တို့အား သင်ကြားပေးခဲ့သည့် သင်ခန်းစာများကိုသာ လက်တွေ့အသုံးချခဲ့သည်။ ကျွန်ုပ်မှတ်မိသိရှိသမျှတို့မှာ ကျွန်ုပ်တို့၏ နေ့စဉ်အတွေ့အကြုံများနှင့် ဆက်စပ်၍ မေမေရှင်းပြသော စိတ်ဓါတ်ပိုင်းဆိုင်ရာ အခြေခံစည်းမျဉ်းများပင် ဖြစ်ပါသည်။

နံနက်ခင်းတိုင်း လှုပ်ကုလားထိုင်ပေါ်တွင်ထိုင်၍ သမ္မာကျမ်းစာကိုဖြစ်စေ၊ အခြားဆုတောင်းစာအုပ်တစ်အုပ်ကိုဖြစ်စေ ဖတ်နေသော မေမေ၏ ရုပ်သွင်ကို ကျွန်ုပ်မြင်ရောင်နေဆဲပင်။ တခြားစိတ်လှုပ်ရှားစရာ အလုပ်များလုပ်နိုင်ပါလျက် အဘယ်ကြောင့် ဘုရားသခင်၏ ဩဝါဒကို ကျွန်ုပ်တို့ နေ့တိုင်းဖတ်ဖို့လိုပါသနည်းဟု ကျွန်ုပ်တို့အထဲမှ တစ်ယောက်ယောက်က မေးလေတိုင်း “ခုတော့ မင်းတို့နားမလည်သေးဘူးပေါ့။ ဒါပေမဲ့ မင်းတို့ကြီးပြင်းလာတဲ့အခါ ဘုရားသခင်ရဲ့ ဩဝါဒမရှိဘဲ အသက်မရှင်နိုင်ဘူးဆိုတာ သိသာလိမ့်မယ်။ မေမေဟာ မနက်တိုင်း ဘုရားသခင်ကိုသာ ဆည်းကပ်မှုမပြုခဲ့ရင် ဆုတောင်းချိန်မရှိခဲ့ရင် အဲဒီနေ့ကို မေမေဖြတ်သန်းကုန်ဆုံးဖို့ ခဲယဉ်းပေလိမ့်မယ်” ဟုသာ ဖြေလေ့ရှိပါသည်။ ကျွန်ုပ်လုံးဝနားမလည်ခဲ့ပါ။ အခြားသော ပိုမိုစိတ်လှုပ်ရှားစရာ စိတ်ဝင်စားစရာ ကိစ္စများကိုသာ ကျွန်ုပ်တွေ့ရှိခဲ့ပါသည်။ မေမေက နံနက်တိုင်းပင် ဝတ္တရားမပျက်ဘဲ သမ္မာကျမ်းလာစာပိုဒ်များကို ကျွန်ုပ်တို့မှတ်မိနေစေရန် ကူညီမည့်အပြင် ကလေးများအတွက် ဆုတောင်းစာအုပ်မှ ပုံပြင်များကို ဖတ်ပြနေပါလိမ့်မည်။ ကျွန်ုပ်တို့အရွယ်ရောက်လာသောအခါ သမ္မာကျမ်းစာကို ကျွန်ုပ်တို့ဘာသာ ဖတ်မှတ်လေ့လာရန် အားပေးခဲ့ပါသည်။

နောက်ဆုံးတွင်မူ ကျွန်ုပ်သည် အိမ်မှခွာ၍ အိုးအိမ်ထူထောင်ကာ ကိုယ်ပိုင်မိသားစုဘဝကို စတင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏ သမီးလေး ဂျက်ဆီကာသည် ယခုဆိုလျှင် လေးလပင်ရှိချေပြီ။ သူမသည် ပြုစုယုယမှုကို သဘောကျသည်။ လက်ကြိုက်လာသည်။ သူမ၏ပါးဖောင်းဖောင်းကလေးများကို လူတိုင်းသဘောကျကြသည်။ လွန်ခဲ့သောသီတင်းပတ်ကမူ သွားပေါက်စပြုလာသည်။ တအီအီအော်ငိုသဖြင့် အထိန်းခက်လာသည်။ သူမအား အငိုတိတ်စေသောအရာမှာ ပွေ့ချီချော့သိပ်ခြင်းပင် ဖြစ်သည်။ ယမန်နေ့ညက သူမကိုချော့သိပ်သောအခါ သမ္မာကျမ်းစာပါ စာပိုဒ်ကလေးက ကျွန်ုပ်၏ခေါင်းထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့သည်။ “နူတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည့်အကြောင်း ဖွားစသော သူငယ်ကဲ့သို့ ထိုတရားနို့စစ်ကို အလွန်လိုချင်သောစိတ် ရှိကြလော့”။ နို့သည် ကျွန်ုပ်သမီးငယ်၏ အစာအဟာရဖြစ်သည်။ သူမရှင်သန်ကြီးပြင်းရန် အာဟာရဓါတ်ကိုပေးသည်။ ထိုမျှမကသေးပါ။ မည်သည့်အရာကမျှ သူမကိုငြိမ်သက်အောင် မပြုလုပ်နိုင်သောအခါ သူမငြိမ်သက်အောင် နှစ်သိမ့်နိုင်စွမ်းရှိသော အရင်းခံလည်းဖြစ်သည်။

အိမ်မှခွာလာကတည်းက ကျွန်ုပ်၏ဘဝတွင် ဘုရားသခင်၏ နူတ်ကပတ်တော်သည် မည်မျှအရေးပါကြောင်း နားလည်လာခဲ့ရပါသည်။ ကျွန်ုပ်တွင်မေးစရာများ ရှိနေသောအခါတိုင်း ထိုနူတ်ကပတ်တော်များက ကျွန်ုပ်ကိုအဖြေပေးလေ့ရှိပါသည်။ စိတ်ဓါတ်ရေးရာ ပျော့ညံ့အားနည်းနေသည့်အခါ ခွန်အားကို ပေးလေ့ရှိသည်။ ကျွန်ုပ်သွားရမည့်လမ်းစဉ်ကို ပြသသည်။ အကျဉ်းအကျပ်နှင့် ကြုံကြိုက်သောအချိန်များတွင် မည်သည့်မိတ်ဆွေများကမဆို ပေးစွမ်းနိုင်သည့် နှစ်သိမ့်မှုမျိုးထက် သာလွန်သော နှစ်သိမ့်မှုမျိုးကိုပေးသည်။ ဂီးဆက်၏ အဆုံးမရှိသော အရှုံးမရှိသော ချစ်ခြင်းမေတ္တာတော်ဖြင့် တောက်ပစေခဲ့ပါသည်။

မေမေထံသို့ ကျွန်ုပ်နောက်တစ်ကြိမ် အလည်သွားခဲ့လျှင်မူ ကျွန်ုပ်အားဤနက်နဲသော သစ္စာတရားကို ရိုက်သွင်းစိမ့်ဝင်စေခဲ့သည့်အတွက် မေမေ့ကို ကျေးဇူးတင်စကားဆိုရပါမည်။ ဘုရားသခင်၏ နူတ်ကပတ်တော်သည် ကျွန်ုပ်တို့အား မည်သို့ရှင်သန်စေပြီး မည်သို့စိတ်ဓါတ်မြင့်မားလာစေသည်ကို ကျွန်ုပ်သဘောပေါက်ခဲ့ပြီဖြစ်ကြောင်း ပြောပြရပါလိမ့်မည်။ ယင်းသည် ကျွန်ုပ်တို့ဝိညာဉ်ကို မြေထောင်မြှောက်ပေးပြီး ကျွန်ုပ်တို့အား လုံခြုံမှုနှင့် နှစ်သိမ့်မှုကိုပေးသည်။ မိဘတစ်ဦးကဲ့သို့ပင် မည်သည့်အခါမျှ မေးမိန်မသွားသော သူ၏အကြွင်းမဲ့ ချစ်ခြင်းမေတ္တာတော်ကို ကျွန်ုပ်တို့ ယုံကြည်သက်ဝင်မှု ရှိလာစေရန် ကူညီဖြည့်ဆည်းပေးသည်။ ထိုသင်ခန်းစာကို နေအိမ်သို့ ယူဆောင်လာခဲ့သောကြောင့် ကျွန်ုပ်တွင် ကျေးဇူးတင်ရမည့် ဂျေးဆက်၊ မေမေနှင့် သွားပေါက်နေသော သမီးငယ်လေးတို့ ရှိနေပါပြီ။

ယခုမူ ကျွန်ုပ်မျှော်မှန်းချက်မှာ သမီးငယ်လေး ဂျက်စီကာအား ဘုရားသခင်ကို ချစ်ခြင်းမေတ္တာထားရန် ဘုရားသခင်နှင့် သူ၏နူတ်ကပတ်တော်များကို ယုံကြည်ကိုးစားရန်အတွက် မေမေက ကျွန်ုပ်အား စိမ့်ဝင်လာအောင် ပြသကဲ့သို့ ကြိုးပမ်းအားထုတ်ရေးပင် ဖြစ်ပါသည်။ ဂျက်ဆီကာသည်လည်း တစ်နေ့တွင် အရွယ်ရောက်လာကာ ကျွန်ုပ်တို့ရင်ခွင်မှ ခွာပေလိမ့်ဦးမည်။ ထိုသို့ဖြစ်လာပါက သူမသည် သူ့အားအလိုရှိဆုံး အချိန်မျိုးတွင် ဘုရားသခင်သည် ထာဝရရောက်ရှိလာလိမ့်မည်ကို သူမအား ကျွန်ုပ်သိစေချင်ပါသည်။

(ဘိုနီတာ ဟီလီ)
(By. Bonita Hele)

# စိတ်၏အာဟာရ

## Childike Faith

သမ္မာကျမ်းသည်ကား နက်နဲသော စာအုပ်တစ်အုပ်ဖြစ်သည်။ သမ္မာကျမ်းကို ဖတ်ပါက ပို၍ပို၍ မြင့်မြတ်မှန်ကန်သော စဉ်ဆက်မပြတ်ရှိနေသည့် ဗျာဒိတ်များကို သင်တွေ့ရပါလိမ့်မည်။ သမ္မာကျမ်းသည် ကြီးမားသော လေ့လာမှုတစ်ခုဖြစ်ကြောင်း အလွန် စိတ်ဝင်စားဖွယ်ကောင်းကြောင်း၊ အလွန်နက်နဲကျယ်ပြန့်ကြောင်းကို “တဖန်အတောင် တစ်ထောင်စေ့အောင်တိုင်းသောခါ မကူးနိုင်သော မြစ်ဖြစ်လေ၏” ဟု ယေဇကျေလအနာဂတ္တိကျမ်း ၄၇း၅) ဟု ပရောဟိတ် ယေဇကျေလဆိုခဲ့ပေသည်။ ထို့ကြောင့် ရေထဲသို့ဆင်းပါ။ ကူးပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်၏ သန့်ရှင်းလတ်ဆက်မှုကို သင်၏ဝိညာဉ်ကို အာဟာရဖြည့်ဆည်းပေးပါလိမ့်မည်။ သင်၏ ကိုယ်ခန္ဓာကို ခွန်အားတိုးစေပါလိမ့်မည်။ သင်၏စိတ်ကို အသစ်တစ်ဖန် လန်းဆတ်သန့်စင်ပေးပါလိမ့်မည်။ သင့်နှလုံးသားကို သင်၏တစ်ဘဝလုံးကို သန့်စင်ပေးပါလိမ့်မည်။ စိတ်ဓါတ်ကို မြင့်တင်ပေးပါလိမ့်မည်။ သင်၏ တစ်ဘဝလုံးကို သန့်စင်ပေးပါလိမ့်မည်။

သင်သည် နှုတ်ကပတ်တော်တည်းဟူသော နို့စစ်ကို မွေးဖွားစကလေးငယ်သည် မိခင်နို့ကို ဆာမွတ်သကဲ့သို့ ဆာလောင်မွတ်သိပ်သင့်ပါသည်။ ကျန်းမာရေးနှင့် ပတ်သက်၍ “အစာလည်းဆေး၊ ဆေးလည်းအစာ” ဟူသော စကားပုံရှိပါသည်။ ယင်းကား သင့်စိတ်ဓါတ်၏ အမှန်တရားဖြစ်ပါသည်။ သင်စိတ်ဝိညာဉ်ဆိုင်ရာ သင်ဖတ်သောအရာ သို့မဟုတ် သင်ယူသောအရာက ပြဌာန်းပါသည်။ ထို့ကြောင့် မှန်ကန်သော စိတ်အာဟာရဖြစ်သည့် ကောင်းမြတ်သော၊ ကျန်းမာစေသော၊ အာဟာရပြည့်ဝစေသော၊ တက်ကြွစေသော၊ အားတက်စေသော စိတ်ကူးဉာဏ်ရင့်သန်စေသော ဘုရားသခင်၏ နှုတ်ကပတ်တော် အာဟာရတို့ကိုသာ သင့်နှလုံးသားအား မှန်ကန်စွာ ကျွေးမွေးပါလော့။ သူ့နှုတ်ကပတ်တော်ကို လိုက်နာသည်နှင့်အမျှ သင့်အား ဘုရားသခင်က ကောင်းချီးပေးပါလိမ့်မည်။

(ဒေးဗစ် ဘရန့်တ်ဘာ့ဂ်)
(By. David Brandt Berg)